KHRG Karen Human Rights Group
Documenting the voices of villagers in rural Burma

သတင်းအကျဉ်းချုပ်
မတ်လ ၂ရက် ၂၀၁၅၊ KHRG #15-2-NB1

# ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဖာပွန်ဒေသရှိ ရွာသားများ လုပ်ကိုင်နေသော တောင်ယာများသို့ တပ်မတော်မှ အမြောက်ဖြင့် ဦးတည်ပစ်ခတ်ခြင်း

တောင်ယာလုပ်ငန်းသည် လူသောမြို့နယ် ဖာပွန်ဒေသရှိ ရွာသားများ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ရွာသားများသည် နှစ်စဉ်နှစ်တိုင်း တောင်ယာလုပ်ကိုင်ရန်အတွက် တောထဲရှိ သစ်ဝါးများ ခုတ်ထွင် ရှင်းလင်း ကြသည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက် နေ့လည် ၁နာရီ ခန့်တွင် မြန်မာ့စစ်တပ်သည် မောလောခို့တောင်ထိပ်မှ လူသောမြို့နယ် စောမူပလောကျေးရွာစုရှိ ရွာသားများ ခုတ်ထွင်ရှင်းလင်းထားသော တောင်ယာဆီသို့ အမြောက်ဖြင့် ပစ်မှတ် တိတိကျကျ မထားပဲ ပစ်ခတ်ခဲ့ပါသည်။ တဖန် ဖေဖော်ဝါရီလ ၂၂ရက်နေ့ ၂၀၁၅ ခုနှစ် နေ့လည် ၂နာရီခန့် တွင်လည်း တပ်မတော်မှ လူသောမြို့နယ် ခေးဖူး ကျေးရွာအုပ်စုရှိ ရွာသားများ ခုတ်ထွင် ရှင်းလင်း ထားသော တောင်ယာဆီသို့ ဦးတည်ကာ အမြောက်ကြီးဖြင့် နှစ်ကြိမ်တိတိ ပစ်ခတ်ခဲ့ပါသည်။

စစ်ဦးစီးရေးဌာန အမှတ်(၅) ၏ ထိန်းချုပ်မှုအောက်ရှိသော ခြေမြန်တပ်ရင်း အမှတ် (၅၄၃) သည် ကော်သောခို့ စစ်တပ်စခန်းတွင် အခြေချပါသည်။ တပ်ရင်းမှူး ဝင်းမင်းဦး ဦးဆောင်သည့် ခြေမြန်တပ်ရင်း အမှတ် (၄၁၀) သည် စစ်ဦးစီးရေးဌာန အမှတ်(၈)၏ ထိန်းချုပ်မှု အောက်တွင်ရှိပြီး ဝါးခလေးလူ တပ်စခန်းတွင် အခြေချလျက်ရှိပါသည်။ ထိုတပ်မတော် တပ်စခန်း နှစ်ခုလုံးသည် စောမူပလောနှင့် ခေးဖူး ကျေးရွာအုပ်စုအနီးတွင် တည်ရှိနေပါသည်။ အထက်ဖော်ပြထားသော တပ်ရင်းတစ်ခုခုမှ ရွာသားများ ခုတ်ထွင်ရှင်းလင်း ထားသော တောင်ယာများတည်ရှိရာဆီသို့ အမြောက်ကြီးဖြင့် ပစ်ခတ်ခြင်းဖြစ်ကြောင်း ရွာသားများက တင်ပြခဲ့ပါသည်။

အမြောက်ပစ်ခတ်မှု ဖြစ်ပွားခဲ့သော နေရာမှ ရွာသားများ ထွက်ပြေးခဲ့ကြပြီး ရွာသားတစ်ဦးမှ ထိခိုက်ဒဏ်ရာ မရရှိခဲ့ပါ။ သို့သော် တပ်မတော်မှ ရွာသားများ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ကိုင်စားသောက်သော နေရာအနီးတွင် အမြောက်ဖြင့် ပစ်ခတ်မှုသည် ရွာသားများအတွက် မလုံခြုံမှုများ ဖြစ်ပေါ်စေပါသည်။ လက်ရှိအခြေအနေတွင် ရွာသားများ အနေဖြင့် တောင်ယာအတွက် ၎င်းတို့၏ရွာအနီးနားတွင်ပင် သစ်ဝါးများ ခုတ်ထွင် ရှင်းလင်းရန် မပြုလုပ်ရဲတော့ပေ။